# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

အမိန့်ကြော်ငြာစာအမှတ် ၉၈ /၂၀၁၉

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အလုပ်အကိုင်ရေးရာဆပ်ကော်မတီဖွဲ့စည်းခြင်း

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ပုဒ်မ ၇ ၊ ပုဒ်မခွဲ (ဂ)နှင့် ပုဒ်မ ၉၂ ၊ ပုဒ်မခွဲ (ခ)တို့အရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အလုပ်အကိုင်ရေးရာဆပ်ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ခ) ဒုတိယညွှန်ကြားရေးမှူးချုပ် — ဒုတိယဥက္ကဋ္ဌ (၁)
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဂ) ဒုတိယညွှန်ကြားရေးမှူးချုပ် — ဒုတိယဥက္ကဋ္ဌ (၂)
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လူမှုဖူလုံရေးအဖွဲ့
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

( ၈ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

( ၉ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်

စက်မှုဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူး အဖွဲ့ဝင်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

( ဋ ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

( ဌ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်

လမ်းဦးစီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန

( ဍ ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

လူမှုဝန်ထမ်းဦးစီးဌာန

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

( ဎ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(ဏ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန

ပြည်ထောင်စုရာထူးဝန်အဖွဲ့

(တ) အုပ်ချုပ်မှုဌာနကြီးမှူး အဖွဲ့ဝင်

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟိုဌာနချုပ်)

(ထ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုသောအဖွဲ့

Myanmar Centre for Responsible Business (MCRB)

( ဒ ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း

Association for Aid and Relief, Japan (AAR -Japan)

( ဓ ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

AB LIS Foundation

‘ န ’ ကိုယ်စားလှယ် (၅) ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်

ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်

စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

ဖ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့

ဗ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း

ဘ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

အနာဂတ်ကြယ်ပွင့်လေးများအဖွဲ့ (Future Stras)

မ ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

The Lerprosy Mission (မြန်မာ)

(ယ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံနားမကြားသူများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

( ရ ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်

nternation Labour Organization ( LO)

(လ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံမျက်မမြင်များအသင်း

( ဝ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံအထူးပညာရေးအသင်း

(သ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

ရွှေမင်းသားဖောင်ဒေးရှင်း (မြ မာ

(ဟ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ပေါင်းစည်းလူမှုဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း

(ဠ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မသန်စွမ်းသူများအဖွဲ့ ဂုဏ်မြှင့်တင်ရေးအဖွဲ့

(အ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသမီးစွမ်းဆောင်ရှင်များအသင်း

(ကက)ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
Japan Heart

(ခခ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဂဂ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး
ဝန်ကြီးဌာန

၂။ အလုပ်အကိုင်ရေးရာ ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းတာဝန်ဝတ္တရားများအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ပြဋ္ဌာန်းချက်များအရ မသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်းကို အထောက်အပံ့ဖြစ်စေသော မူဝါဒနှင့် စီမံချက်များ ချမှတ်နိုင်ရန် သက်ဆိုင်ရာများနှင့် ညှိနှိုင်းခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်စေခြင်း၊ ဆောင်ရွက်ချက်များအား လေ့လာစောင့်ကြည့်ခြင်း၊ သုံးသပ်အကြံပြုခြင်း၊

(ဂ) မသန်စွမ်းသူများပိုမို တက်ရောက်နိုင်သော အသက်မွေးမှု အထူးသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရေးအတွက် သက်ဆိုင်ရာများနှင့် ညှိနှိုင်းခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်စေခြင်း၊ ဆောင်ရွက်ချက်များအား လေ့လာစောင့်ကြည့်ခြင်းနှင့် သုံးသပ်အကြံပြုခြင်းတို့ကို လုပ်ငန်း ကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဃ) မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အထောက်အကူဖြစ်စေမည့် အခွန်အခကင်းလွတ်ခွင့်၊ သက်သာခွင့်နှင့် ပစ္စည်းများတင်သွင်းခွင့်ရရှိရေးအတွက် သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(င) အစိုးရဌာနများအပါအဝင် အလုပ်ရှင်များအနေဖြင့် မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့်စပ်လျဉ်း၍ အမျိုးသားကော်မတီက ချမှတ်ထားသော မူဝါဒနှင့် စီမံချက်များကို သိရှိစေခြင်းနှင့် လိုက်နာဆောင်ရွက်စေရန် စည်းရုံးဆောင်ရွက်ခြင်း၊

(စ) ဦးစီးဌာနနှင့် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများအတွက် မှတ်ပုံတင်ထားသည့် မသန်စွမ်းသူများ၏ ကိုယ်ရေးအချက်အလက်များအား ဒစ်ဂျစ်တယ်နည်းပညာအပါအဝင် သင့်တော်သော နည်းလမ်းများဖြင့် မှတ်တမ်းတင်ခြင်း၊ ကွန်ပျူတာဆော့ဝဲလ်ဖြင့် စာရင်းရေးသွင်းထားနိုင်ရန် ဆောင်ရွက်ခြင်း၊ ပြင်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများ၊ အလုပ်ရှင်များနှင့် လုပ်ငန်းရှင်များ စုပေါင်းဖွဲ့စည်းထားသည့် အသင်းအဖွဲ့များ၏ လိုအပ်ချက်အရ ပေးပို့နိုင်ရေး ကြပ်မတ်စီစဉ်ပေးခြင်း၊

(ဆ) လက်ရှိဖွင့်လှစ်နေသည့် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သင်တန်းကျောင်းများတွင် မသန်စွမ်းသူများဝေပုံကျ တက်ရောက်သင်ယူခွင့်ရရှိရန် စီစဉ်ဆောင်ရွက်ခြင်း၊ မသန်စွမ်းသူများအတွက် လုပ်ငန်းခွင်နှင့် စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်များ အကောင်အထည်ဖော်ဆောင်မှုများကို လုပ်ငန်းကော်မတီကိုယ်စား လေ့လာစောင့်ကြည့်ခြင်း၊ အစီရင်ခံတင်ပြခြင်း၊ လိုအပ်ချက်များအား အကြံပြုခြင်းနှင့် ပိုမိုထိရောက်စေရန် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) လုပ်ငန်းခွင်ဝင်ရန် သင့်တော်သည့် မသန်စွမ်းသူများသို့ လူတွေ့စစ်ဆေးရာတွင် ဖြေဆိုနိုင်ရေး အထောက်အကူပြုသင်တန်းများ တက်ရောက်နိုင်ရေး၊ လုပ်ငန်းခွင်အတွင်း ဆက်ဆံရေးနှင့် လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးဆိုင်ရာ သင်တန်းများပို့ချနိုင်ရေး၊ လုပ်ငန်းခွင်နှင့် အလုပ်သမားဆိုင်ရာဥပဒေများအား အသိပညာပေးခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာ ညှိနှိုင်းရေးမှုများအား လေ့ကျင့်ပေးခြင်း စသည်တို့အား သင်ကြားခွင့်ရရှိရန် စီစဉ်ပေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကြပ်မတ်ခြင်း၊

(ဈ) အခါအားလျော်စွာ အမျိုးသားကော်မတီကထုတ်ပြန်သည့်အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ ဆက်စပ်လုပ်ငန်းများအားဆောင်ရွက်ခြင်း၊ မသန်စွမ်းသူများ အလုပ်အကိုင်

အခွင့်အလမ်းရရှိရေးဆိုင်ရာ (၁၀) နှစ်အတွက် မဟာဗျူဟာစီမံချက်အား သက်ဆိုင်ရာများနှင့်ရေးဆွဲနိုင်ရန် ပေါင်းစပ်ညှိနှိုင်း စီစဉ်ဆောင်ရွက်ခြင်း။

(ပုံ) ဟင်နရီဗန်ထီးယူ

ဥက္ကဋ္ဌ

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ

စာအမှတ်၊ ၂-၄/ ၁၀၅(မသန်စွမ်း)/ ၁၅၁၁၈

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်။

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များအားလုံး

သက်ဆိုင်ရာပုဂ္ဂိုလ်များ

ညွှန်ကြားရေးမှူးချုပ်<br>
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁)တွင် ထည့်သွင်းကြေငြာပေးပါရန်။

အမိန့်အရ

ဒေါက်တာဝင်းမြတ်အေး

ဒုတိယဥက္ကဋ္ဌ(၁)

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ